



ကုလသမဂ္ဂ ပညာရေး၊
သိပ္ပံနှင့် ယဉ်ကျေးမှု
အဖွဲ့အစည်း

Memory of the World

# မြန်မာနိုင်ငံရှိ
## မှတ်တမ်းအမွေအနှစ်များကို
## မှတ်တမ်းတင်ခြင်း

ဖြစ်ရပ်များကို လေ့လာသုံးသပ်ခြင်း



| | |
|---|---|
| မူပိုင်ခွင့် | © UNESCO |
| ဘာသာပြန်သူ | Myanmar Book Center |
| တည်းဖြတ်သူ | နိုင်နိုင်အေး (ယူနက်စကို - မြန်မာ) |
| ကွန်ပြူတာဒီဇိုင်း | မျိုးသန်းအောင် (Foresight Media) |
| ဘာသာပြန်ဆိုသည့်နှစ် | ၂၀၁၈ ခုနှစ် |

# မာတိကာ


နောက်ခံအခြေအနေနှင့် နည်းလမ်း ၂

ရလဒ်များ ၄

MBAPF အကြောင်း ၅

လေ့လာသုံးသပ်ချက် ၁ ၆
ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက် (ရန်ကုန်)

လေ့လာသုံးသပ်ချက် ၂ ၁၀
လူထုစာကြည့်တိုက် (မန္တလေး)

လေ့လာသုံးသပ်ချက် ၃ ၁၄
တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်

လေ့လာသုံးသပ်ချက် ၄ ၂၀
အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ အမျိုးသားမော်ကွန်းတိုက် (နေပြည်တော်)

လေ့လာသုံးသပ်ချက် ၅ ၂၄
ပြန်ကြားရေး ဝန်ကြီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ရုပ်ရှင်မော်ကွန်းတိုက်

လေ့လာသုံးသပ်ချက် ၆ ၂၈
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)

# နောက်ခံအခြေအနေ

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ် (UNESCO Memory of the World  Programme) မှတဆင့် အရှေ့တောင်အာရှရှိ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံများ (LDCs) နှင့် ဖွံ့ဖြိုးဆဲ ကျွန်းနိုင်ငံငယ်လေးများ (SIDS) ရှိ မှတ်တမ်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် စီမံကိန်း၏ တစ်စိတ်တစ်ဒေသအဖြစ် ဤလေ့လာမှုကို ပြုလုပ်ခြင်းဖြစ်ပါသည်။ ယခုစာအုပ်တွင် ယူနက်စကိုနှင့် မလေးရှားနိုင်ငံမှ Funds-In-Trust တို့၏ ပံ့ပိုးမှုဖြင့် MBAPF က လုပ်ဆောင်ခဲ့သည့် မြန်မာနိုင်ငံရှိ မှတ်တမ်းအမွေအနှစ်များကို လေ့လာသုံးသပ်မှုများ ပါဝင်ပါသည်။

ကုလသမဂ္ဂ ပညာရေး၊
သိပ္ပံနှင့် ယဉ်ကျေးမှု
အဖွဲ့အစည်း

Malaysia
Funds-in-Trust

# နည်းလမ်း

ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ်အတွက် အမည်စာရင်းတင်သွင်းနိုင်ရန် ၂၀၁၇ခုနှစ်၊ မေလ ၄-၅ ရက်တွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ရန်ကုန်မြို့တွင် ယူနက်စကိုကဦးဆောင်၍ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံရှိ အစိုးရနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ တက်ရောက်ခဲ့သူများမှာ-

- ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်၊ နေပြည်တော်၊ ပုဂံ)
- မြန်မာနိုင်ငံဆိုင်ရာ ယူနက်စကိုအမျိုးသားကော်မရှင်
- ပညာရေးဝန်ကြီးဌာန
- ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန
- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန
- Save Myanmar Film (NGO)
- အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်၊ ရန်ကုန်)
- သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန (ရန်ကုန်၊ နေပြည်တော်)
- တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်
- ရန်ကုန်တက္ကသိုလ်
- မြန်မာသမိုင်းကော်မရှင်
- Myanmar Book Aid and Preservation Foundation (NGO)
- လူထုစာကြည့်တိုက် (မန္တလေး) - တို့ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသူများကို မြန်မာနိုင်ငံရှိ မှတ်တမ်းအမွေအနှစ်များကို မှတ်တမ်းတင်နိုင်ရန် MBAPF က ကနဦးစစ်တမ်း ကောက်ယူခဲ့သည်။ အဖွဲ့အစည်း (၆) ခုက စစ်တမ်းတွင် ပါဝင်ဖြေဆိုခဲ့ပြီး၊ အနာဂတ်တွင်ပြုလုပ်မည့် ပိုမိုကျယ်ပြန့်သောစစ်တမ်းတွင် မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီးများ လွှမ်းခြုံပါဝင်နိုင်ပါသည်။

# ရလဒ်များ

မြန်မာနိုင်ငံတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ဆိုင်ရာ အမျိုးသား ကော်မတီဖွဲ့စည်းရန် လုပ်ဆောင်နေပါသည်။ အမျိုးသားကော်မတီ၏ ရည်ရွယ်ချက်တစ်ခုမှာ တိုင်းပြည်ရှိ သိသာထင်ရှားသည့် မှတ်တမ်းအမွေအနှစ်များကို စာရင်းပြုစုရန်နှင့် အမျိုးသားအဆင့် မှတ်တမ်းအမွေအနှစ် (National MoW Register) အစီအစဉ် ပေါ်ပေါက်ရန် ဖြစ်သည်။ ဖြစ်သည်။ ထို့ကြောင့် ဤလေ့လာမှုသည် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် မှတ်တမ်းအမွေအနှစ် စတင်ပေါ်ပေါက်ရန် အခြေခံအုတ်မြစ် ဖြစ်လာနိုင်သည်။

ထို့အပြင် လေ့လာမှုတွင် ဒေသတွင်းနှင့် နိုင်ငံတကာတွင် အရေးပါသည့် အများပြည်သူနှင့် ပုဂ္ဂလိက လက်ဝယ်တွင် စုဆောင်းထားမှုများကို အလေးပေးဖော်ပြထားသည်။ ဖြစ်ရပ်များကို လေ့လာသုံးသပ်ချက်များသည် ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် မှတ်တမ်းအမွေအနှစ်များအတွက် အမည်စာရင်း တင်သွင်းရာ၌လည်း အသုံးပြုနိုင်သည်။

လေ့လာမှုအရ စုဆောင်းထားရှိသည့် ပစ္စည့်အချို့သည် အရေးပါသော်လည်း ကြာရှည်တည်တံ့အောင် ထိန်းသိမ်းရန်အတွက် စိန်ခေါ်မှုများရှိသည်။ မှတ်တမ်းအမွေအနှစ်အစီအစဉ်နှင့် အမျိုးသားအဆင့်တွင် မှတ်တမ်းအမွေအနှစ်ဆိုင်ရာ ယူနက်စကိုထောက်ခံအကြံပြုချက်များ (UNESCO Recommendation on Documentary Heritage, 2015) ကို အကောင်အထည်ဖော်ခြင်းသည် ၎င်းပစ္စည်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရာတွင် ကူညီပံ့ပိုးမှုများရရှိရန် အထောက်အကူပြုနိုင်သည်။

လေ့လာသုံးသပ်ချက်များအရ စုဆောင်းထားသည့် ပစ္စည်းများသည် (အများပြည်သူ) အလွယ်တကူ လက်လှမ်းမမီကြောင်း၊ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းသိမ်းဆည်းထားသည့် ပစ္စည်းအနည်းငယ်သာရှိကြောင်းနှင့် ပြည်သူအများက လက်လှမ်းမီကြည့်ရှုလေ့လာနိုင်သည့် မူဝါဒများကို သတ်မှတ်ထားခြင်းမရှိကြောင်း တွေ့ရသည်။ မှတ်တမ်းအမွေအနှစ်ဆိုင်ရာ ယူနက်စကို ထောက်ခံအကြံပြုချက်များက အဖွဲ့အစည်းများနှင့် အစိုးရများကို ထိန်းသိမ်းစုဆောင်းထားသည့် ပစ္စည်းများအား ပြည်သူအများက လက်လှမ်းမီကြည့်ရှုလေ့လာခွင့်ပေးရန် လိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်။ ယူနက်စကို၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများက စီမံကိန်း (Action Plan) တစ်ခုရေးဆွဲရာတွင် မြန်မာအစိုးရကိုယ်စား လှယ်များလည်း ပါဝင်ခဲ့သည်။

ဤစစ်တမ်းတွင် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများကို ၎င်းတို့ထိန်းသိမ်းစုဆောင်းထားသည့် အရေးပါသောပစ္စည်းများကို အမျိုးအမည်ဖော်ထုတ်ရန်၊ ၎င်းပစ္စည်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် (အများပြည်သူအတွက်) ပိုမိုလက်လှမ်းမီရေးတို့ လုပ်ဆောင်ရန်အတွက် လက်ရှိပကတိအခြေအနေကို အခြေခံအနေအထား (base) အဖြစ် သတ်မှတ်ရန် ရည်ရွယ်သည်။

# Myanmar Book Aid and Preservation Foundation (MBAPF) အကြောင်း

စာမူနှင့် စာအုပ်များကို ထိန်းသိမ်း ထားရှိရာတွင် နိုင်ငံလုံးဆိုင်ရာ ပြဿနာရှိနိုင်သည်ဟု မြင်သောကြောင့် MBAPF ကို ဦးသော်ကောင်းနှင့် John Badgley တို့က ၁၉၉၀ ခုနှစ်တွင် အဖွဲ့အစည်းတစ်ရပ်ဖြင့် ဖြေရှင်းရန် တည်ထောင်လိုက်ခြင်းဖြစ်သည်။ Badgley သည် Cornell တက္ကသိုလ်၏ အရှေ့တောင်အာရှ စုဆောင်းမှုတွင် ထင်ရှားသော ပြတိုက်မှူးဖြစ်ပြီး ဦးသော်ကောင်းသည် တက္ကသိုလ်စာကြည့်တိုက်များအားလုံးအတွက် တာဝန်ယူရသည့် ဗဟိုစာကြည့်တိုက်များ၏ စာကြည့်တိုက်မှူးဖြစ်သည်။

မြန်မာနိုင်ငံရှိ စာကြည့်တိုက်စုဆောင်းမှု အများအပြားကို ထိခိုက်ပျက်စီးစေသည့် ၂၀၀၈ နာဂစ်ဆိုင်ကလုန်းပြီးနောက် ဦးသော်ကောင်း၏ သားဖြစ်သူ ဒေါက်တာ သန့်သော်ကောင်းသည် MBAPF ၏ အလုပ်အမှုဆောင် ဒါရိုက်တာအဖြစ် တာဝန်လွှဲပြောင်းယူခဲ့သည်။ ဒေါက်တာ သန့်သော်ကောင်းသည် Myanmar Book Centre ကို တိုင်းပြည်၏ အဓိက စာအုပ်တင်သွင်းသည့်အဖွဲ့အဖြစ် ပြောင်းလဲခဲ့ပြီး စာကြည့်တိုက်မှူးများ၊ ICT ကျွမ်းကျင်ပညာရှင်များနှင့် စာအုပ်ချစ်သူများပါဝင်သည့် အဖွဲ့ကို ဖန်တီးရန်၊ ဆင်းရဲသူများအတွက် ပညာရေးမြှင့်တင်ပေးရန်နှင့် ကမ္ဘာလုံးဆိုင်ရာ အသိပညာများကို မြန်မာနိုင်ငံအနှံ့အပြားရှိ လက်လှမ်းမမီသူများထံပေးရန် ရည်ရွယ်သည့်အဖွဲ့အစည်းကို ဦးဆောင်ခဲ့သည်။

MBAPF ၏ မျှော်မှန်းချက်မှာ ကမ္ဘာပေါ်တွင် ဖြစ်နေသည့်စာကြည့်တိုက်နှင့်ပတ်သက်၍ လုပ်ဆောင်နေမှုများကို မြန်မာနိုင်ငံသို့ ယူဆောင်လာခြင်းဖြင့် အရင်းအမြစ်များပေးအပ်ရန် လုပ်ရည်ကိုင်ရည် တည်ဆောက်ပေးနိုင်ရန်ဖြစ်သည်။ အဓိကတာဝန်မှာ ရုပ်ရှာမှ စာကြည့်တိုက်များကို ရုပ်ရှာအခြေပြု စင်တာများအဖြစ်ပြောင်းလဲပြီး မြန်မာနိုင်ငံတွင် အသိပညာအခြေပြု လူ့အဖွဲ့အစည်းကို တည်ထောင်ရန် ဖြစ်သည်။

လေ့လာချက် ၁

# ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## အဖွဲ့အစည်းအကြောင်း ဖော်ပြချက်

၁၉၀၂ ခုနှစ်တွင် ကမ္ပည်းကျောက်စာဌာန (Burma Epigraphy Office) ကို ဗြိတိသျှကိုလိုနီလက်အောက်တွင် တည်ထောင်ခဲ့သည်။ ဤရုံး၏ အဓိက လုပ်ငန်းများမှာ ကျောက်စာများအားလုံးကို စာရင်းကောက်ယူ၊ ထိန်းသိမ်းပြီးမှတ်တမ်း တင်ရန်၊ နိုင်ငံအနှံ့အပြားရှေးဟောင်း အဆောက်အဦများကို ထိန်းသိမ်းပြီး ရှေးဟောင်းပစ္စည်းများကို စုဆောင်းရန် ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေး ရပြီးသောအခါ ကမ္ပည်းကျောက်စာဌာနကို ရှေးဟောင်းသုတေသနဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ယဉ်ကျေးမှု ဝန်ကြီးဌာနအောက်တွင် ယဉ်ကျေးမှုဗိမာန်ကို ဖွဲ့စည်းခဲ့ပြီးအမျိုးသား စာကြည့်တိုက်၊ အမျိုးသားပြတိုက် နှင့် ပြည်နယ်နှင့်တိုင်းများရှိ ပြတိုက်နှင့် စာကြည့် တိုက်များကို တာဝန်ယူရသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင်ရှေးဟောင်း သုတေသနဌာနနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း များကိုပေါင်းစည်းပြီး ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အဖြစ် ပြင်ဆင် ဖွဲ့စည်းခဲ့သည်။

## စုဆောင်းထားရှိမှုများ

ရှေးဟောင်း သုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနတွင် စုဆောင်းထားရှိသည့် ပစ္စည်းအမျိုးအစားမှာ များပြားစုံလင်သည်။ ၎င်းတို့မှာ

(i) ပုံများ၊ မြေပုံများ၊ ဓာတ်ပုံများနှင့် စေတီ၊ ဘုရားကျောင်း၊ ရှေးဟောင်းကုန်း၊ ရှေးဟောင်း ဘုန်းကြီးကျောင်းများ၊ ရှေးဟောင်း မြို့တော်များ၊ တူးဖော်ရေး နေရာများ၊ ရှေးဟောင်းနယ်မြေ စသည့် ရှေးဟောင်း အထိမ်းအမှတ်များကို မှတ်တမ်းတင်ထားမှုများ

(ii) နိုင်ငံအနှံ့မှ စုဆောင်းကူးယူခဲ့သည့် ကျောက်စာ မိတ္တူများ

(iii) မြန်မာနိုင်ငံအနှံ့မှ ပေစာများ

(iv) နံရံဆေးရေး ပန်းချီများအား မှန်ပြားနဂ္ဂတစ် (glass plate negatives) ဖြင့် သိမ်းဆည်းထားမှုများ၊

(v) ရွှေ၊ ငွေ၊ ကြေးနီ၊ သံ၊ ကျောက်၊ သစ်သားဖြင့် ပြုလုပ်ထားသည့် ရှေးဟောင်းပစ္စည်းများ။

## အကျဉ်းချုပ်

ပုဂံဒေသ အပါအဝင် နိုင်ငံအနှံ့အပြားမှ ရှေးဟောင်းအဆောက်အဦများ၊ ရုပ်ကြွများ၊ သစ်သား ပန်းပုများ၊ အင်္ဂတေရုပ်ကြွများ၊ တူးဖော်ရေး နေရာများ၊ ဗုဒ္ဓဘာသာနှင့်ဆိုင်သည့် ပန်းချီများနှင့် ရုပ်တုများကို မှတ်တမ်းတင်ထားသည့် မှန်ပြားနဂ္ဂတစ် အချပ်ရေ ၄၀၀၀ ကျော် (ခန့်မှန်းခြေ သက္ကရာဇ် ၁၉၀၀-၁၉၂၀ အတွင်း) ကိုစုဆောင်းထားသည်။

၎င်းတို့ကို စစ်မဖြစ်မီ စုဆောင်းထားခြင်းဖြစ်ပြီး အလွန်ရှားပါးပါသည်။ ရန်ကုန်မြို့ ရှေး/သု သည် တစ်နိုင်ငံလုံးတွင် အဆိုပါ မှန်ပြားနဂ္ဂတစ်များကို ပြည့်ပြည့်စုံစုံ စုဆောင်းထားသည့် တစ်ခုတည်းသော ဌာနဖြစ်ပါသည်။ ပုဂံရှိ ဘုရားပုထိုးများနှင့် ဆိုင်သည့် မှတ်တမ်းအများအပြားကို မည်သည့်နေရာတွင်မျှ မရရှိနိုင်တော့သောကြောင့် ထိုမှန်ချပ်များသည် အရေးပါသည့် သတင်းအချက်အလက် အရင်းအမြစ်များ ဖြစ်သည်။

## အများပြည်သူကြည့်ရှုလက်လှမ်းမီမှု

လက်ရှိတွင် ၎င်းတို့ကို အများပြည်သူ ကြည့်ရှုနိုင်ခြင်းမရှိသေးဘဲ မှန်ချပ် ၃၀ % ကို ဒစ်ဂျစ်တယ်သို့ ကူးပြောင်းသိမ်းဆည်းထားပြီး ဖြစ်သည်။

## ထိန်းသိမ်းစောင့်ရှောက်မှု

ရှေး/သုသည် မှန်ပြားနဂ္ဂတစ် အချို့ကို ဓာတ်ပုံရိုက်သိမ်းဆည်းထားပြီး၊ အချို့ကို ဒစ်ဂျစ်တယ်သို့ကူးပြောင်းသိမ်းဆည်း ထား သည်။ မှန်ပြားနဂ္ဂတစ်များကို ထိန်းသိမ်းထားရှိရန် ခေတ်မီနည်းပညာ ရှေး/သုတွင် မရှိသောကြောင့် ပညာရှင်များကို ဖိတ်ခေါ်ပြီး ဝန်ထမ်းများကို ထိန်းသိမ်းရေး နည်းလမ်းများ ပြသစေချင်ပါသည်။

## အန္တရာယ်များ

သဘာဝ ဘေးအန္တရာယ်များ၊ ပိုးမွှားများနှင့် စိုစွတ်ခြင်းကြောင့် အချို့သော မှန်ချပ်များသည် ပျက်စီးနေပြီဖြစ်သည်။

## ဝက်ဘ်ဆိုက်

http://www.archaeologymm.com/php/home_about.php

## ဓာတ်ပုံ လင့်ခ်

https://drive.google.com/



ပုဂံရှိ ဂူပြောက်ကြီးဘုရားအတွင်းမှ ကျောက်နံရံဆေးရေးပန်းချီ၏ မှန်ပြား နဂ္ဂတစ်



ပုဂံရှိ ဂူပြောက်ကြီးဘုရားအတွင်းမှ ကျောက်နံရံဆေးရေးပန်းချီ၏ မှန်ပြား နဂ္ဂတစ်

လေ့လာချက် ၂

# လူထုစာကြည့်တိုက် (မန္တလေး)

## အဖွဲ့အစည်းအကြောင်း ဖော်ပြချက်

လူထု စာကြည့်တိုက်ကို ၂၀၀၄ ခုနှစ်တွင် လူထု ဦးလှ (၁၉၁၀-၁၉၈၂)၊ လူထု ဒေါ်အမာ (၁၉၁၅-၂၀၀၈) နှင့် 'လူထု' မိသားစုတို့မှ တည်ထောင်ခဲ့သည်။ စာကြည့်တိုက်သည် သုံးထပ်အဆောက်အဦးအတွင်း တည်ရှိပြီး မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ်ရှိ လက်ဆေးကန် ရပ်ကွက်တွင် ရှိသည်။

လူထု ဦးလှ နှင့် လူထု ဒေါ်အမာတို့သည် လက်ထပ်ပြီးနောက် မန္တလေးမြို့တွင် အခြေချပြီး လူထု သတင်းစာကို ထုတ်ဝေခဲ့သည်။ အားကစား၊ စိတ်ပညာ၊ အာရှနှင့် အရှေ့တိုင်းဆိုင်ရာစာအုပ်၊ မဂ္ဂဇင်းနှင့် သတင်းများကိုစုဆောင်း သိမ်းဆည်းခဲ့ကြသည်။ စာရေးဆရာများမှ လက်မှတ်ထိုးပြီး ၎င်းတို့ကို လက်ဆောင်ပေးခဲ့သည့် စာအုပ်များကိုလည်း သိမ်းဆည်းထားခဲ့သည်။ မြန်မာ့သမိုင်းအတွက် တန်ဖိုးရှိလာမည့် ၎င်းတို့၏ စုဆောင်းမှုများကို အခြေခံ၍ စာကြည့်တိုက် တစ်ခုဖွင့်ရန် လူထုဦးလှက ရည်ရွယ်ခဲ့သည်။ စုဆောင်းမှုများပေါ် အခြေခံ၍ လူထု ဦးလှသည် 'သတင်းစာများကပြောသောသမိုင်း' အပါအဝင် စာအုပ်များကို သုတေသနပြု ရေးသားခဲ့သည်။ လူထု ဒေါ်အမာသည် စုဆောင်းထားမှုကို ကူညီစီမံခန့်ခွဲခဲ့ပြီး၊ စာကြည့်တိုက်တစ်ခု ထူထောင်ရန် စီစဉ်ခဲ့သည်။

၎င်းတို့၏ သားသမီးများဖြစ်သော မန္တလေး ဆေးတက္ကသိုလ် (ပါမောက္ခနှင့် ဆေးပညာဌာနမှူး - ငြိမ်း) ပါမောက္ခ သန်းရင်မာ၊ (မိသားစု စီးပွားရေးဖြစ်သည့် လူထု စာအုပ်တိုက်ကို စီမံခန့်ခွဲသည့်) ဒေါ်တင်ဝင်းနှင့် ဦးငြိမ်းချမ်း (စာရေးဆရာ) တို့က လူထု စာကြည့်တိုက်ကို ဆက်လက်ထိန်းသိမ်းလျက်ရှိသည်။ လူထု စာကြည့်တိုက်သည် ယခုအခါတွင် မြန်မာ့သမိုင်းနှင့် စာပေပညာရှင်များအတွက် အကိုးအကားပြည့်စုံသည့် စာကြည့်တိုက် ကောင်းတစ်ခု အဖြစ် ရပ်တည်နေပါသည်။ သမိုင်း၊ ပထဝီ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့် သတင်းအချက်အလက် လေ့လာရေး၊ ရှေးဟောင်း သုတေသနနှင့် ဒဿနိကဗေဒ လေ့လာနေသည့် ကျောင်းသားများနှင့် ပညာရှင်များသည် စာကြည့်တိုက်ကို အသုံးပြုကြပါသည်။ ထို့အပြင် စာရေးဆရာများ၊ ဂျာနယ်လစ်များနှင့် သုသေသီများသည်လည်း စာကြည့်တိုက်သို့ နေ့စဉ်လာရောက်ကြသူများထဲတွင် ပါဝင်ကြသည်။



လူထု စာကြည့်တိုက်

## စုဆောင်းထားရှိမှုများ

ပြည်တွင်း ဝယ်ယူမှုများနှင့် လက်ဆောင် ရရှိမှုများကြောင့် စုဆောင်းမှု သည် အမြဲတမ်း မြင့်တက်နေပါသည်။ လက်ရှိတွင် ဘာသာရေး၊ အတ္ထုပတ္တိ၊ သမိုင်း၊ ရည်ညွှန်းကျမ်း၊ မဂ္ဂဇင်း၊ဂျာနယ်နှင့်သတင်း စာများမှ ဘာသာရပ်ပေါင်းစုံနှင့်ပတ်သက်၍ စာအုပ်ပေါင်း ၅၀,၀၀၀ ကျော် ရှိပါသည်။ စာကြည့်တိုက်တွင် ကွယ်လွန်သွားပြီဖြစ်သည့် စာရေးဆရာများဖြစ်၏ စာအုပ်များကိုလည်း အထူးစုဆောင်းထားပါသည်။ ဥပမာ သမိုင်း ပညာရှင်ပါမောက္ခ ဒေါက်တာ သန်းထွန်း (၁၉၂၃-၂၀၀၅) ၏ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ စာအုပ်များမှာ အုပ်ရေ ၇,၀၀၀ ခန့် ရှိသည်။ အခြားသောအရေးပါသည့် စုဆောင်းမှုများတွင် ကွယ်လွန်သွားပြီဖြစ်သည့် ဆရာ ရွှေဥဒေါင်း (၁၈၈၉-၁၉၇၃) နှင့် သတင်းစာဆရာကြီး လူထု ဦးစိန်ဝင်း (၁၉၄၀-၂၀၁၂) တို့ ပါဝင်သည်။ အခြားသော အဖိုးတန်အရာများဖြစ်သည့် ပေစာများ (၂၁၀)၊ ခေါက်ထားသည့် ပုရပိုက် (၁၃၀)၊ ၁၉၅၀ ခုနှစ် မှ ၂၀၁၀ ခုနှစ်အတွင်း လူထု မိသားစုထံသို့ မိတ်ဆွေများမှ ပေးပို့ သော စာများ (၎င်းတို့ကို ဒစ်ဂျစ်တယ်စနစ်တို့ ကူးပြောင်းနေ) လည်း ပါဝင်သည်။

**မဂ္ဂဇင်းများ-**

| | |
|---|---|
| ဒဂုံ | ၁၉၂၂-၁၉၂၈ |
| ကြီးပွားရေး | ၁၉၃၃-၁၉၄၀ |
| တိုးတက်ရေး | ၁၉၃၅ |
| ရှုမဝ | ၁၉၄၇-၁၉၉၂ |
| ငွေတာရီ | ၁၉၆၀-၁၉၉၉ |
| သွေးသောက် | ၁၉၄၇-၁၉၉၀ |
| မိုးဝေ | ၁၉၆၈-၁၉၉၀ |
| မြဝတီ | ၁၉၅၃-၁၉၉၃ |

**ဂျာနယ်များ-**

| | |
|---|---|
| နေပြည်တော် | ၁၉၂၁-၁၉၂၂ |
| ဒီးဒုတ် | ၁၉၃၀-၁၉၃၁ |
| ဗန္ဓုလ | ၁၉၂၆-၁၉၃၅ |
| အိုးဝေ | ၁၉၆၈-၁၉၇၂ |
| လူထု | ၁၉၄၅-၁၉၅၉ |

**သတင်းစာများ-**

| | |
|---|---|
| လူထု | ၁၉၄၆-၁၉၆၇ |
| သူရိယ | ၁၉၃၁-၁၉၃၃ |
| မြန်မာ့အလင်း | ၁၉၂၇-၁၉၃၂, ၁၉၄၅-၁၉၄၆ |
| ကြေးမုံ | ၁၉၆၂, ၁၉၆၆-၁၉၇၇ |
| ဟံသာဝတီ | ၁၉၄၅-၁၉၄၇ |

## အကျဉ်းချုပ်

စာကြည့်တိုက်တွင် မြန်မာသတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ အပြည့်အစုံ စုဆောင်းထားပြီး ၎င်းတို့ထဲမှ အချို့မှာ (တစ်နိုင်ငံလုံးတွင်) တွင် ဤနေရာ၌သာ လေ့လာဖတ်ရှုနိုင်သည်။ အခြားသော စာကြည့်တိုက်များတွင် အချို့သော စုဆောင်းမှုများ ရှိသော်လည်း လူထုစာကြည့်တိုက်တွင် ပြည့်ပြည့်စုံစုံ စုဆောင်းထားရှိမှု အများအပြားရှိသည်။

## ထိန်းသိမ်းစောင့်ရှောက်မှု

အဓိက ထိန်းသိမ်းရန် နည်းလမ်းမှာ ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းခြင်းဖြစ်သည်။ ထိုမှသာ မူရင်းကိုသိမ်းဆည်းနိုင်မည်ဖြစ် သည်။ စာကြည့်တိုက်သည် စုဆောင်းမှု တစ်ခုလုံးကို ဒစ်ဂျစ်တယ်စနစ်သို့ပြောင်းရန် ရည်ရွယ်ထားပြီး ရှားပါး ထုတ်ဝေမှုများ/ စာမူများကို တောင်းခံနေသည်။




၁၉၄၅ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့ထုတ် လူထုဂျာနယ်



၁၉၄၆ခုနှစ်၊ ဧပြီလ၊ ၁၉ ရက်နေ့ထုတ် လူထုဂျာနယ်




၁၉၂၉ခုနှစ်၊ နိုဝင်ဘာလ၊ ၁၈ ရက်နေ့ထုတ် မန္တလေးသူရိယနေ့စဉ်သတင်းစာ

## အများပြည်သူကြည့်ရှုလက်လှမ်းမီမှု

စာကြည့်တိုက်ကို မနက် ၉ နာရီမှ ညနေ ၅ နာရီ၊ တနင်္လာမှ စနေအထိ အများပြည်သူ အသုံးပြုရန် ဖွင့်လှစ်ပေးထားပြီး စာကြည့်တိုက်မှူးနှင့် စာရေး ငါးဦးရှိသည်။ ခေါင်းစဉ်အလိုက် ကတ်တလောက်များကို Dewey Decimal Classification အရ စီစဉ်ထားရှိသည်။ စာကြည့်တိုက်တွင် စာရေးဆရာနှင့် စာအုပ်အမည်ပါဝင်သည့် ကတ်တလောက်များ ရှိသည်။ စာကြည့်တိုက်သည် ရှားပါးစာအုပ်များနှင့် ပေစာများကို ဒစ်ဂျစ်တယ်သို့ စတင်ပြောင်းနေပြီ ဖြစ်သည်။

## အန္တရာယ်များ

မန္တလေး၌ နွေရာသီကာလတွင် အပူချိန် အလွန်မြင့်မားမှုသည် စုဆောင်းမှုအတွက် အန္တရာယ်ရှိနိုင်သည်။

ဝက်ဘ်ဆိုက် http://bit.ly/2nPCA5v

လေ့လာချက် ၃

# တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်

## အဖွဲ့အစည်းအကြောင်း ဖော်ပြချက်

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သည် မြန်မာ့ရှေးဟောင်း စာမူများကို စုဆောင်း ထိန်းသိမ်းရာတွင် ဦးဆောင်ကဏ္ဍမှ ပါဝင်သည်။

ရန်ကုန် တက္ကသိုလ် စာကြည့်တိုက်ကို ၁၉၂၉ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ရှားပါးလက်ရေး စာမူများအပါအဝင် ရန်ကုန် တက္ကသိုလ် စာကြည့်တိုက်တွင် ယခင်က စုဆောင်းထား ခဲ့သမျှ ဖျက်ဆီးခံလိုက်ရသည်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အဆောက် အဦးမှာ ကြီးကြီး မားမား ပျက်စီးခဲ့ပြီး၊ ပြန်လည်ပြုပြင်ခဲ့ရသည်။ ၁၉၅၂ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင်ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၏ အမည်ကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ဟု ပြောင်းလဲခဲ့သည်။ တက္ကသိုလ်များ ဗဟို စာကြည့်တိုက် အဆောက်အဦးကို ၁၉၈၀ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ရန်ကုန် တက္ကသိုလ်စာကြည့်တိုက်ကို မူလအဆောက် အဦးတွင် ၁၉၈၇ ခုနှစ်တွင် သီးခြား ပြန်လည်တည်ဆောက်ခဲ့သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရန်ကုန် တက္ကသိုလ်ဝင်းအတွင်း တည်ရှိသည်။

## စုဆောင်းထားရှိမှုများ

ပေစာနှင့် ပုရပိုက် လက်ရေး စာမူများကို မြန်မာနိုင်ငံရှိ ရှေးကျသော ဘုန်းကြီးကျောင်း အများအပြားတွင် တွေ့နိုင်သေးသော်လည်း တက္ကသိုလ်များ ဗဟို စာကြည့်တိုက်တွင် အများဆုံး စုဆောင်းထားရှိသည်။ စုစုပေါင်း အရေအတွက်မှာ ၁၉,၀၀၀ ဖြစ်ပြီး ပေစာပေါင်း ၁၅၀၀၀ နှင့် ပုရပိုက် ၄၀၀၀ ခန့် ပါဝင်သည်။

စုဆောင်းမှုတွင် အကြောင်းအရာမျိုးစုံ ပါဝင်ပြီး ဗုဒ္ဓတရား၊ တိပိဋက၊ သမိုင်းဝင် စာရွက်စာတမ်းများ၊ တိုင်းရင်းဆေး၊ နက္ခတ်ဗေဒင်၊ နက္ခတ္တဗေဒ၊ ဓလေ့ထုံးတမ်း ဥပဒေနှင့် မြန်မာ စာပေစသည်တို့ ပါဝင်သည်။

သိမ်၊ တော်ဝင်နန်းတော်ရှိ အပျိုတော်တို့၏ သရုပ်ဖော်ပုံများ ပုဂံခေတ်တွင် နန်းတော်ရှိ မိဖုရား၊ မင်းသမီးတို့တွင်ရှိသည့် တော်ဝင် ဆံပင် ပုံစံများ၊ မင်းသားနှင့် ဘုရင်တို့ အသုံးပြုသည့် ဖောင်တော်များ၏ ပုံများကို အနုစိတ်အပြည့်အဝပုံဖော်ရန် ပုရပိုက်များကို အသုံးပြုသည်။

ဤပုရပိုက်များကို ၁၉၆၄ ခုနှစ်မှစ၍ စုဆောင်း ခဲ့သည်။ ၁၉၇၇ ခုနှစ် တွင် ယူနက်စကို မှ ရှေးဟောင်းစာပေ ထိန်းသိမ်းရေး ကျွမ်းကျင်ပညာရှင် ဒေါက်တာ ရာဂါဗန်နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး ဒေါက်တာသော်ကောင်းတို့သည် မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ပဲခူး၊ ညောင်ဦး၊ မကွေး၊ တောင်တွင်းကြီး၊ ပြည်၊ ဗိဿနိုးမြို့ဟောင်း၊ မော်ဇာမြို့တို့မှ ရှေးဟောင်း ပုရပိုက်များကို ရှာဖွေစုဆောင်းခဲ့သည်။ အချို့သော ပုရပိုက်တို့ကို စင်ဖြူမြို့နယ်၊ သရက်ခြင်းရွာ နှင့် ပျော်ဘွယ်မြို့ရှိ ဘုန်းကြီးကျောင်းတို့မှ လှူဒါန်းမှုဖြင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်က လက်ခံရရှိခဲ့သည်။ အချို့ကို ရွှေဘိုနှင့် ကြည့်မြင်တိုင်မြို့များမှ ဝယ်ယူရရှိခဲ့သည်။

## ထူးခြားမှု

မြန်မာနိုင်ငံတွင် အရောင်အသွေးစုံလင်သော ပုရပိုက်များကို အများဆုံးစုဆောင်းထားသည့် နေရာ ဖြစ်သည်။ ၎င်းပုရပိုက်များမှာ နဂိုမူလ လက်ရာနှင့် ပြည့်စုံသည့်အရင်းအမြစ်များ ဖြစ်သောကြောင့် ထူးခြားထင်ရှားသည့် စုဆောင်းမှုဖြစ်သည်။

### ဗုဒ္ဓဘဝဖြစ်စဉ်

ရုပ်ပုံများတွင် ဗုဒ္ဓသည် မင်္ဂလာကန်တော်တွင် ရေချိုးသန့်စင်နေသည့်ပုံ၊ ကျောက်ဖြာထက်တွင် နားနေသည့်ပုံ၊ သိဒ္ဓတမင်းသားထံ သားတော်ရာဟုလာမွေးဖွားကြောင်း အကြောင်းကြားသည့် ပုံများတို့ ဖြစ်သည်။

### သိမ်တော်

၁၈၈၄ ခုနှစ်တွင် ဆွဲသည့် ဤပုရပိုက်တွင် သိမ်တော်ပုံစံကို ဖော်ပြထားသည်။ သိမ်ကို ဝန်းရံနေသည့် နေရာများဖြစ်သည့် ကမ်းနံပါး၊ ရွာများ၊ တောင်များ နှင့် လိုဏ်ဂူများကိုပါ ရေးဆွဲထားသည်။ သိမ်တော်၏ နေရာအကြောင်း ကောင်းကွက် ဆိုးကွက်များကို ပုံထဲတွင် ထည့်ရေးထားသည်။

### နန်းတော်ရှိ အပျိုတော် ၁၀၀

ပုရပိုက်တွင် နတ်သား၊ နတ်သမီးများ၊ တောင်များ၊ တိရစ္ဆာန်များ၊ စပါးအမျိုးအစား၊ ငါးအမျိုးအစား၊ ရွှေအတန်းအစား၊ ပန်းပင်၊ သစ်သီး၊ ငှက်များအကြောင်း ဖော်ပြထားသည်။

### ဂေသဿန္တရာ ဇာတ်တော်

ဤပုရပိုက်တွင် ဘုရားအဖြစ်မရမီ ဗုဒ္ဓ၏ ဘဝဖြစ်သည့် ဂေသဿန္တရာ၏ ဇာတ်လမ်းကို ဖော်ပြထားသည်။

### မြင်းခင်းသဘင်

ဤပုရပိုက်တွင် တော်ဝင်မြင်းတပ်အဖွဲ့ဝင်များမှ မြင်းရေး၊ လှံရေး ပုံစံ ၃၇ မျိုးကို ရေးဆွဲ ထားသည်။

### ဆင်ရိုင်းကို ယဉ်စေခြင်း

ဤပုရပိုက်တွင် လူများမှ ဆင်ရိုင်းတစ်ကောင် ကို ထောင်ချောက်ထဲသို့ မျှားခေါ်ရန် ကြိုးစားနေပုံကို ဖော်ပြထားသည်။

### မင်းတုန်း ဘုရင်အလှူ (မြန်မာ သက္ကရာဇ် ၁၂၀၆ – ၁၂၂၂)

ဤပုရပိုက်တွင် အလှူပြုနေပုံ အမျိုးမျိုး (ဆွမ်းအလှူ) ကို ဖော်ပြထားသည်။

### ၃၁ ဘုံ

ဤပုရပိုက်တွင် ဗုဒ္ဓဘာသာဝင်များ ယုံကြည်သည့် ၃၁ ဘုံအကြောင်း ဖော်ပြထားသည်။



ရွှေနန်းတော်မှ အပျိုတော် ၁၈၈



မင်းတုန်းမင်းကြီး၏ အလှူတော်



ဂေဿန္တရာ ဇာတက



သိမ်တော်ကြီး



မြင်းခင်းသဘင်



ဗုဒ္ဓဘာဂဖြစ်စဉ်



ဆင်ရိုင်းကျုံးသွင်းခြင်း

## အကျဉ်းချုပ်

အစောဆုံး ပုရပိုက်ကို ၁၉ ရာစုအစောပိုင်းတွင် ရေးဆွဲထားပြီး ကောင်းမွန်သည့်အခြေအနေတွင် ရှိနေသေးသည်။ နိုင်ငံတကာနှင့် ပြည်တွင်းမှ ပညာရှင်များသည် စုဆောင်းထားမှုကို သုတေသန ပြုလုပ်ပြီးဖြစ်သည်။

၎င်း (၈) ရောင်စုံ ပုရပိုက်များသည် သမိုင်းအရ၊ လူမှုရေးအရ၊ ထုံးတမ်း စဉ်လာအရ၊ အနုပညာအရနှင့် ဘာသာရေးအရ အရေးပါသောကြောင့် ၎င်းတို့ကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် စာရင်းသွင်းရန် အလား အလာရှိသည်။

## အများပြည်သူကြည့်ရှုလက်လှမ်းမီမှု

စုဆောင်းထားမှုများ၏ ဒစ်ဂျစ်တယ်မိတ္တူများကို လူထုမှ အခမဲ့ ကြည့်ရှုနိုင်သည်။ စာကြည့်တိုက်တွင် စာဖတ်ခန်းရှိသည်။ အထူးကြည့်ရှုမှု မူဝါဒမရှိပါ။ သို့သော် မူရင်းကို ကာကွယ်ရန် ဒစ်ဂျစ်တယ် မိတ္တူကိုသာ ကြည့်ရှုနိုင်သည်။

## ထိန်းသိမ်းစောင့်ရှောက်မှု

ရောင်စုံပုရပိုက်များကို ဒစ်ဂျစ်တယ် စနစ်ပြောင်းထားပြီးဖြစ်သည်။ ပုံများတွင် အသုံးပြုထားသည့် အရောင်များသည် အနီ၊ လိမ္မော်၊ အနက်၊ အစိမ်း၊ အပြာ၊ အဝါ၊ အဖြူ၊ ပန်းရောင်နှင့် အခြားသော တောက်ပပြီး ဆွဲဆောင်မှုရှိသည့် အရောင်များဖြစ်သည်။ ထို့အပြင် ဆေးများသည် သဘာဝဆေးရောင်ဖြစ်ပြီး ဓာတုပစ္စည်း မပါဝင်ပါ။ ထို့ကြောင့် ပုရပိုက်များသည် အလွန်ကောင်းမွန်သည့် အခြေအနေနှင့် ပုံစံတွင် ရှိနေသေးသည်။

## အန္တရာယ်များ

စုဆောင်းမှုအတွက် အန္တရာယ်များရှိနေပြီး ထိန်းသိမ်းရာတွင်လည်း ပြဿနာရှိသည်။ မြန်မာနိုင်ငံ၏ ရာသီဥတုအရ မိုးရာသီတွင် စိုစွတ်သောကြောင့် စုဆောင်းထားမှုများတွင် စိုစွတ်ပြီး မှိုတက်နိုင်သည့် စိန်ခေါ်မှု ရှိသည်။

နွေရာသီတွင် အပူဆုံး အပူချိန်သည် ၁၀၈ ဒီဂရီ ဖာရင်ဟိုက်အထိ ရောက်နိုင်ပြီး စုဆောင်းထားမှုများသည် ကြွပ်ရွလာပြီး လွယ်လွယ်ကူကူ ကျိုးကြေနိုင်သည်။ ထိုအချိန်တွင် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သည် မတည်ငြိမ်သော လျှပ်စစ်ပေးမှုနှင့် ကုန်ကျစရိတ်ကြောင့် လေအေးပေးစက်ကို ၂၄ နာရီ မဖွင့်နိုင်ပါ။

စုဆောင်းထားမှုများအားလုံးကို ဒစ်ဂျစ်တယ် စနစ်သို့ ပြောင်းထားပြီး CD, DVD နှင့် hard disk တို့တွင် သိမ်းဆည်းထားသည်။

## ဝက်ဘ်ဆိုက်

http://www.uclmyanmar.org/

လေ့လာချက် ၄

# အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန

## အဖွဲ့အစည်းအကြောင်းဖော်ပြချက်

မြန်မာနိုင်ငံ အမျိုးသား မော်ကွန်းတိုက်ကို ၁၉၇၂ ခုနှစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန လက်အောက်တွင် အတွင်းရေးမှူးများ ရုံးစာကြည့်တိုက်အဖြစ် တည်ထောင်ခဲ့သည်။၁၉၈၂ခုနှစ်တွင် ယူနက်စကို သည် 'အမျိုးသား မော်ကွန်းတိုက်များကို ခိုင်မာအားကောင်းစေခြင်း' စီမံကိန်းဖြင့် အမျိုးသား မော်ကွန်းတိုက်များ ဖွံ့ဖြိုးတိုးတက်ရန် ပံ့ပိုးကူညီခဲ့ရာ နည်းပညာနှင့် စက်ကိရိယာ အကူအညီများ ရရှိခဲ့သည်။
၁၉၉၀ ခုနှစ်တွင် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို စတင်ပြ ဋ္ဌာန်းခဲ့သည်။
၁၉၉၁ ခုနှစ်တွင် အရှေ့တောင်အာရှဒေသ အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များ ကောင်စီ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့သည်။
၁၉၉၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (ရုံးချုပ်)ကို နေပြည်တော်တွင် ဖွင့်လှစ်ခဲ့သည်။

## စုဆောင်းထားရှိမှုများ

မြန်မာနိုင်ငံ အမျိုးသားမော်ကွန်းတိုက်၏ အားသာချက်မှာ အစိုးရမှတ်တမ်းများ၊ (အခြားသောအထူးအေဂျင်စီများ၏ ပိုင်ဆိုင်မှုအောက်တွင်ရှိသည့်) ပုဂ္ဂလစုဆောင်းမှုများနှင့် သမိုင်းဆိုင်ရာ စာရွက်စာတမ်းများ ကို ထိန်းသိမ်းခွင့်ရှိခြင်း ဖြစ်သည်။ စုဆောင်းမှုများထဲတွင် ဥပဒေများ၊ စည်းမျဉ်းများ၊ နှစ်စဉ် ဌာန အစီရင်ခံစာများ၊ နှစ်စဉ် စာရင်းအင်းဆိုင်ရာ အစီရင်ခံစာများ၊ တရားဝင် ပြန်တမ်းများ၊ သန်းခေါင်စာရင်း အစီရင်ခံစာများ၊ အုပ်ချုပ်ရေး လမ်းညွှန်များနှင့် အစိုးရ တာဝန်ရှိသူများ ပြုစုထားသော စာတမ်းများ စသည်ဖြင့် ပါဝင်သည်။ ထို့အပြင်ပေစာနှင့် ပုရပိုက်စာပုံစံဖြင့်ရှိသော အဖြစ် သမိုင်းဝင်လက်ရေးစာမူများကိုလည်း စုဆောင်းထားရှိရာ ပေစာရွက်ပေါင်း ၅၂၀၅ ချပ်နှင့် ပုရပိုက် ၃၄ ခုရှိသည်။

## ထူးခြားမှု

အမျိုးသား မော်ကွန်းတိုက်တွင် စုဆောင်းထားမှု များထဲမှ ထူးခြားသည့်ပစ္စည်းမှာ စစ်သူကြီးမဟာဗန္ဓုလ၏ ပေစာဖြစ်သည်။

## အကျဉ်းချုပ်

စစ်သူကြီးမဟာဗန္ဓုလ၏ ပေစာရွက်သည် ထူးခြားသည့် အကြောင်းအရာအများအပြား ရှိသည်။

- ပေစာရွက် ၅ ရွက် ပါဝင်ပြီး နှစ်ဖက်လုံးတွင် မြန်မာဘာသာစကားဖြင့် ရေးသားထားသည်။

- နှစ်လိုင်း လက်ရေးစာမူဖြစ်ပြီး အလျား ၃ပေနှင့် ၁ လက်မ၊ အနံ ၁.၁ လက်မ ရှိသည်။ ၎င်းသည် သတင်းအချက် အလက်အရ တန်ဖိုးရှိသလို သက်သေ အထောက် အထားအဖြစ်လည်း တန်ဖိုးရှိသည်။

- ၎င်းသည် အမျိုးသား ခေါင်းဆောင်ဖြစ်သည့် စစ်သူကြီးမဟာဗန္ဓုလ၏ အမိန့် ဖြစ်သည်။

- ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ (ပထမ) စစ်ပွဲနှင့်သက် ဆိုင်ပြီး စစ်မှန်မှု၊တရားဝင်မှုနှင့် တမူထူးခြားမှုရှိသည့်မော်ကွန်းမှတ်တမ်း တစ်ခု ဖြစ်သည်။

အမျိုးသား မော်ကွန်းတိုက်သည် ၎င်းကို အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီထံမှ ၎င်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် ရောက်ရှိသည့် ၁၉၈၇ ခုနှစ်တွင် လက်ခံရရှိခဲ့သည်။ အဆိုပါ ပေစာကို သမ္မတဦးစန်းယုထံသို့ လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ အဆိုပါပေစာကို မလွှဲပြောင်းမီက အိန္ဒိယနိုင်ငံကာလကတ္တားမြို့ ဗစ်တိုးရီးယား ပြတိုက်တွင် ပြသထားသည်။

ပေစာ၏ သမိုင်း-

အာသံနယ်ရှိ ဝေသာလီကို မြန်မာဘုရင်၏ ခွင့်ပြုချက်ဖြင့် ဆန္ဒာရ ဂွန်ဒရှိန် (Sandara Gondashein) က လွတ်လပ်စွာ အုပ်ချုပ်သည်။ သို့သော် မြန်မာဘုရင်ကို ပုန်ကန်ရန် ကြိုးပမ်းပြီးနောက် မြန်မာ့ တပ်မတော်၏ စစ်ဦးစီးချုပ်ဖြစ်သည့် စစ်သူကြီးမဟာဗန္ဓုလကို ၎င်းအားနှိမ်နင်း



မြန်မာစစ်သူကြီး မဟာဗန္ဓုလ၏ ပေစာ

ရန်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေး ပြန်လည်ရရှိအောင် ဆောင်ရွက်ရန် ဘုရင်က တာဝန်ပေးခဲ့သည်။ စစ်သူကြီးမဟာဗန္ဓုလက ပုန်ကန်မှု၏ရလဒ်သည် ပြင်းထန်ဆိုးဝါးနိုင်ပြီး၊ မြန်မာနှင့် မဏိပူရအကြား တည်ရှိခဲ့သည့် ကာလရှည်ကြာ ချစ်ကြည်ရေးကို ထိခိုက်စေနိုင်ကြောင်း သတိပေးစာ ပေးပို့ခဲ့သည်။

## အများပြည်သူကြည့်ရှုလက်လှမ်းမီမှု

အမျိုးသားမော်ကွန်းတိုက်တွင် စစ်သူကြီး မဟာဗန္ဓုလ၏ပေစာကို မိတ္တူကူးယူဖော်ပြထားပြီး၊ အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် ပြခန်းငယ်တွင် ပြသထားသည်။

## ထိန်းသိမ်းစောင့်ရှောက်မှု

ဤပေစာကို ဒစ်ဂျစ်တယ်ပုံစံသို့ ကူးပြောင်းသိမ်းဆည်း ထားပြီးဖြစ်သည်။ အမျိုးသား မော်ကွန်းတိုက် ပေစာကို သစ်သားသေတ္တာအတွင်းထည့်၍ အပူချိန်နှင့် စိုထိုင်းဆကို ထိန်းချုပ်ထားသည့် မှန်ပုံးအတွင်း ထားရှိသည်။ မူရင်းကို လုံခြုံရေးအတွက် သီးခြားအခန်းတွင် ထားရှိသည်။

## စုဆောင်းမှုများသို့ လင့်ခ်

https://drive.google.com/drive/





မြန်မာစစ်သူကြီး မဟာဗန္ဓုလ၏ ပေစာ

လေ့လာချက် ၅

# ပြန်ကြားရေး ဝန်ကြီးဌာန၊
# ပြန်ကြားရေးနှင့်
# ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
# ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ
# (မော်ကွန်းရုပ်ရှင်ရုံးခွဲ)

## အဖွဲ့အစည်းအကြောင်းဖော်ပြချက်

မော်ကွန်းရုပ်ရှင်ရုံးခွဲသည် ၁၉၄၅ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအပြီး စစ်အုပ်ချုပ်ရေးကာလအတွင်း၌ 'Field Publicity' အမည်ဖြင့် စတင်ပေါ်ပေါက်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ပြန်ကြားရေး ဝန်ကြီးဌာန အစိုးရ ရုပ်ရှင်နှင့် ပြဇာတ်ဌာနဟု အမည်ပေးခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ရုပ်ရှင်ကော်ပိုရေးရှင်း၊ မော်ကွန်းရုပ်ရှင်ရုံးခွဲ အမည်သို့ ပြောင်းလဲခဲ့သည်။ ၁၉၉၇ ဇူလိုင်လ ၉ရက် နေ့တွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ မော်ကွန်းရုပ်ရှင်ရုံးခွဲ အမည်ဖြင့် အစိုးရမှ ဆောင်ရွက်နေသည့် သတင်းမှတ်တမ်းများကို ရိုက်ကူးထုတ်လုပ်ပြသခဲ့သည်။ ဖျော်ဖြေရေး အစီအစဉ်အတွက် ၃၅ မီလီလီတာ နှင့် ၁၆ မီလီလီတာ ရုပ်ရှင်များကို မြန်မာနိုင်ငံ အနှံ့အပြားတွင် ခရီးသွား ရုပ်ရှင်ရုံအဖြစ် လှည့်လည် ပြသခဲ့သည်။ ၁၉၅၀ခုနှစ်များမှ စ၍ ရုပ်ရှင်မော်ကွန်းတိုက်သည် မြန်မာအကယ် ဒမီဆုရ ဇာတ်ကားများနှင့် အမည်စာရင်း အသွင်းခံရသည့် ဇာတ်ကားများကို စတင် သိမ်းဆည်းခဲ့သည်။ ရုပ်ရှင်မော်ကွန်းတိုက် ကို ရုပ်ရှင်ဇာတ်ကားများ သိမ်းဆည်းထားရန် အတွက်သာ မဟုတ်ဘဲ ရုပ်ရှင်ရိုက်ခြင်း၊ ဇာတ်ကား ဆေးခြင်း၊ ဇာတ်ကား တည်းဖြတ်ခြင်း၊ ဇာတ်ကား ကူးခြင်း၊ အသံသွင်းခြင်းနှင့် အခြားသော ထုတ်လုပ်ရေးပြီးနောက် လုပ်ငန်းများကိုပါ လုပ်ဆောင်ရန် အသုံးပြုသည်။

## စုဆောင်းထားရှိမှုများ

စုဆောင်းမှုတွင် သတင်းကားများ (newsreels) နှင့် မြန်မာရုပ်ရှင်ဇာတ်ကား များ ပါဝင်သည်။ ၎င်းတို့အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ (၁၉၄၀ ခုနှစ်ဝန်းကျင်) ကဲ့သို့သော အသံဓာတ်ပြားများကို ထိန်းသိမ်းထားသည်။

ရုပ်ရှင်မော်ကွန်းတိုက်တွင် ၁၉၆၂ ခုနှစ်မှ ၂၀၁၅ ခုနှစ် အထိ သတင်းကားပေါင်း ၂၉၀၆ ခု ရှိပြီး မြန်မာ့ လွတ်လပ်ရေးနေ့၊ အလံတင် အခမ်းအနား၊ မြန်မာပြည်တွင်းစစ်ကို ထင်ဟပ်သည့် အင်းစိန်တိုက်ပွဲ၊ ဗုဒ္ဓဘာသာတွင် အရေးအကြီးဆုံး ဘာသာရေးအခမ်းအနား တစ်ခုဖြစ်သည့် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များကို လုပ်ကြံခဲ့သည့် ဂဠုန်ဦးစောကို ကွပ်မျက်ခြင်း၊ ကရင်ခေါင်း ဆောင်ဖြစ်သည့် စောဘဦးကြီး ဈာပန တို့ပါဝင်သည်။

ရုပ်ရှင်ဇာတ်ကားများ ကိုလည်း ရုပ်ရှင် မော်ကွန်းတိုက်တွင်သိမ်းဆည်းထားသည်။ မော်ကွန်းတွင် အဖြူအမည်း ရုပ်ရှင် ၁၂ ကားနှင့် ဆေးရောင်စုံရုပ်ရှင် ၁၃၀ ကား ပါဝင်သည်။ မြန်မာရှေးဟောင်းရုပ်ရှင်များသည် ထပ်မံမကျန်ရစ်နိုင်တော့ သဖြင့် ယခုရှိနေသည့် ရုပ်ရှင်များသည် အရေးပါသည်။

## ထူးခြားမှု

မြန်မာနိုင်ငံတွင် ၁၉၃၄ ခုနှစ်တွင် အောဂမ်း ရုပ်ရှင် ထုတ်လုပ်ရေးမှ မြဂနိုင်ဆိုသည့် အသံတိတ် ရုပ်ရှင်ဇာတ်ကား တစ်ကားကို ထုတ်လုပ်ခဲ့သည်။

## အကျဉ်းချုပ်

မြဂနိုင်သည် မြန်မာနိုင်ငံတွင် ၁၉၃၄ ခုနှစ်တွင် အေဂမ်း ရုပ်ရှင် ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် အသံတိတ် ရုပ်ရှင်ဖြစ်သည်။ ထိုရုပ်ရှင်သည် တည်ရှိနေဆဲ မြန်မာ့ရုပ်ရှင်ကားများထဲတွင် ရှေးအကျဆုံး ရုပ်ရှင်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ပြန်လည် ထိန်းသိမ်းခဲ့သည်။

မြန်မာရုပ်ရှင်လောက၏ ရွှေရောင်အတိတ်နှင့် ယနေ့တွင် ထိန်းသိမ်းစောင့်ရှောက်ရန် အရေးပါသည့် အခြေအနေကြောင့် မြဂနိုင်သည် အမျိုးသားရတနာ တစ်ပါးပင်ဖြစ်သည်။ ၎င်းကို ၂၀၁၆ ခုနှစ်တွင် ပြန်လည်ထိန်းသိမ်းခဲ့ရာ၊ မြန်မာနိုင်ငံအတွင်း ပြန့်ကြဲနေနိုင်သည့် အမွေအနှစ်ကို ထိန်းသိမ်းရန် ကြိုးပမ်းလုပ်ဆောင်မှုများအတွက် အားရစရာဖြစ်သည်။ မြန်မာ့ရုပ်ရှင်သမိုင်း အတွက် မှတ်ကျောက်ဖြစ်သည်။

## အများပြည်သူကြည့်ရှုလက်လှမ်းမီမှု

ရုပ်ရှင်ကို အများပြည်သူထံသို့ ပြသနိုင်သည်။ ဒစ်ဂျစ်တယ်နည်းပညာသို့ ကူးပြောင်းထိန်းသိမ်းထားမှုလည်း ရှိပြီး၊ ပရိသတ်ကို ဖြန့်ဝေရန် မိတ္တူကူးထားမှုလည်း ရှိသည်။

## ထိန်းသိမ်းစောင့်ရှောက်မှု

ဤမြန်မာ့ ရတနာကို ၂၀၁၆ ခုနှစ်တွင် ထိန်းသိမ်းနိုင်ခဲ့သည်။ ဒစ်ဂျစ်တယ်မိတ္တူကို ရုပ်ရှင်မော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိပြီး၊ အခြားမိတ္တူတစ်ခုကို ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့ရှိ MEMORY! ရုပ်ရှင်အဖွဲ့အစည်းက ထိန်းသိမ်းထားသည်။ ရုပ်ရှင်၏ မူလအစိတ်အပိုင်းအချို့မှာ အီတလီနိုင်ငံ ဘိုလိုညာမြို့ရှိCineteca (ရုပ်ရှင်မော်ကွန်းတိုက်နှင့် ရှေးဟောင်းဇာတ်ကားများကို ပြန်လည်ထိန်းသိမ်းမှု လုပ်သည့်နေရာ) တွင် ထိန်းသိမ်းထားဆဲဖြစ်သည်။

## အန္တရာယ်များ

အီတလီနိုင်ငံ ဘိုလိုညာမြို့ရှိဓာတ်ခွဲခန်းတွင် အပြည့်အဝပြန်လည်ရယူပြီးဖြစ်သောကြောင့် အန္တရာယ်မရှိပါ။

မြဂနိုင်ကို ထိန်းသိမ်းထားသည့် မြန်မာနိုင်ငံရှိ ရုပ်ရှင်မော်ကွန်းတိုက်သည် နိုင်ငံတကာအဆင့်မီထိန်းသိမ်းနိုင်မှု မရှိသေးသောကြောင့် ရုပ်ရှင်မော်ကွန်းတိုက်ကို အဆင့်မြှင်တင်ရန်အစီအစဉ်ကို Save Myanmar Film မှ လုပ်ဆောင်နေသည်။

## ဝက်ဘ်ဆိုက်

http://2016e.memoryfilmfestival.org/mya-ganaing-1934/







မြဂနိုင် (မူပိုင်) မော်ကွန်းရုပ်ရှင်၊
ပြန်ကြားရေးဝန်ကြီးဌာန

လေ့လာချက် ၆

# အမျိုးသား စာကြည့်တိုက်

## အဖွဲ့အစည်းအကြောင်းဖော်ပြချက်

အမျိုးသား စာကြည့်တိုက်သည် ဗြိတိသျှ ကိုလိုနီခေတ် ၁၈၈၃ ခုနှစ် တွင် ဖွင့်လှစ်ခဲ့သည့် ဘားနက်ဒ်စာကြည့်တိုက် မှတဆင့် ဆင်းသက်လာခြင်း ဖြစ်သည်။

၁၉၅၂ ခုနှစ်တွင် ဘားနက်ဒ်စာကြည့်တိုက်ကို ယဥ်ကျေးမှုဝန်ကြီးဌာန လက်အောက်တွင် နိုင်ငံတော် စာကြည့်တိုက်အဖြစ်ထားရှိခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် အမျိုးသား စာကြည့်တိုက်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ စာကြည့်တိုက်ကို ဂျူဗလီဟော အဆောက်အဦးတွင် ပထမဆုံး ဖွင့်လှစ်ခဲ့ပြီး တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ခဲ့သည်။ ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် စာကြည့်တိုက်ကို လက်ရှိနေရာဖြစ်သည့် အမှတ် ၈၅၊ သီရိမင်္ဂလာ ရိပ်သာလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။

## စုဆောင်းထားရှိမှုများ

အမျိုးသား စာကြည့်တိုက် (ရန်ကုန်) တွင် စာအုပ်၊ စာစောင်၊ လက်ရေး မူရင်းနှင့် e-book များအပါအဝင် အမျိုးအစား ၈၀၀,၀၀၀ ခန့် သိမ်းဆည်းထားသည်။

## ထူးခြားမှု

မြန်မာနိုင်ငံအမျိုးသားစာကြည့်တိုက်ရှိ အထူးခြားအထင်ရှားဆုံးသော စုဆောင်းမှုများအနက်တစ်ခုမှာ ဖောင်တော် ၇၃ စီး နှင့် ၎င်းတို့ကိုအသုံးချနည်း ၃၇သွယ်တို့ အကြောင်း ထင်ဟပ်ဖော်ပြထားသည့် ပုရပိုက်များဖြစ်သည်။ ပုရပိုက်ဆိုသည်မှာ ရှေးမြန်မာခေတ်က သစ်ခေါက်မှ ထုတ်လုပ်ထားသော စက္ကူပေါ်တွင် ရေးသားထားသော လက်ရေးစာမူနှင့် ရုပ်ပုံများဖြစ်ပြီး၊ မှတ်တမ်းစာအုပ်အဖြစ် အသုံးပြုခဲ့ကြသည်။

ပုရပိုက်တွင်ရေးဆွဲထားသည့် လက်ရာနှင့် သမိုင်းအထောက်အထားများကို အခြေခံ၍၎င်းတို့ကို ဘိုးတော်ဘုရား (ဗဒုံမင်း)လက်ထက်တွင် ရေးသားခဲ့ကြောင်း သိရသည်။

## အကျဉ်းချုပ်

လှေများ (လှေတော်၊ ဖောင်တော်ဟူသည့် အမည်များ) ၏ သမိုင်းကြောင်း၊ ပုံသဏ္ဌာန်များ၊ အမျိုးအစားများနှင့် လှေဦးနှင့် အမြီးပိုင်းတို့တွင် ပြင်ဆင်ထားမှုများ၊ ဗဒုံမင်း (၁၇၄၅-၁၈၁၉) လက်ထက်နှင့် နောက်ပိုင်းမင်းဆက်များတွင် ၎င်းတို့ကို အသုံးပြုပုံများနှင့် ဆင်ယင်ပုံများ ပါဝင်သည်။

## အများပြည်သူကြည့်ရှုလက်လှမ်းမီမှု

အတိအကျ မိတ္တူကူးထားသည့် စာအုပ်ကို အများပြည်သူ အသုံးပြုနိုင်ရန် ပြသထားပြီး ရည်ညွှန်းစာဖတ်ခန်းတွင် ကြည့်ရှုနိုင်သည်။ ပြည်တွင်းနှင့် ပြည်ပမှ သုတေသီများသည် စာကြည့်တိုက်၏ စည်းမျဉ်းစည်းကမ်းများနှင့် အညီ အသုံးပြုနိုင်သည်။

## ထိန်းသိမ်းစောင့်ရှောက်မှု

စုဆောင်းမှုကို ဖုန်မတက်ရန်၊ မှိုမတက်ရန် ကောင်းမွန်စွာ ထိန်းသိမ်းထားသည်။ ၎င်းကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲ သိမ်းဆည်းပြီး ဖြစ်သည်။

## အန္တရာယ်များ

မြန်မာနိုင်ငံ၏ အခြေအနေကြောင့် စိုထိုင်းမှု၊ အပူချိန် အပြောင်းအလဲ။

## စုဆောင်းမှု ဓာတ်ပုံများထံသို့ လင့်ခ်

https://drive.google.com/drive/

ဖောင်တော်ပုံကို သရုပ်ဖော်ပြထားသည့် ပုရပိုက်





ဖောင်တော်ပုံကို
သရုပ်ဖော်ပြထားသည့် ပုရပိုက်

ကုလသမဂ္ဂ ပညာရေး၊
သိပ္ပံနှင့် ယဉ်ကျေးမှု
အဖွဲ့အစည်း

Memory of the World